## အခွန်ပေးသွင်းမှုများအတွက် အောက်ပါအခွန်ပေးသွင်းပြီးကြောင်း အထောက်အထားကို ပြည်တွင်းအခွန်များဦးစီးဌာနမှ သက်ဆိုင်ရာ ကုမ္ပဏီ/ဌာန/ အဖွဲ့အစည်းသို့ Email ပေးပို့ပါမည်



အီလက်ထရောနစ်နည်းဖြင့် အခွန်ပေးသွင်းခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှထုတ်ပေးသည့် လုံခြုံမှုအဆင့်(QR Code) ပါဝင်သော အခွန်ငွေပေးသွင်းမှုအထောက်အထား ပတခ (e-Payment)

## လစာဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းဆိုင်ရာအထောက်အထားလက်မှတ် ပတခ(ဝင)-၁၅(က) ပုံစံ



- ❖ Excel File (သို့) ပတခ(ဝင)-၀၃-၀၆(က)တွင် ဖြည့်သွင်းထားသော နုတ်ယူပေးသွင်းခံရသည့် ဝန်ထမ်းတစ်ဦးချင်းစီ၏ မိုဘိုင်းဖုန်းနံပါတ်သို့ သက်ဆိုင်ရာလအတွက် အခွန်ပေးသွင်းပြီးကြောင်း SMS Message အား စနစ်မှ ပေးပို့သွားမည်ဖြစ်ပြီး PAYE Management Module စနစ်ခွဲတွင် ကုမ္ပဏီရုံးချုပ်မှ တိုက်ရိုက်ပေးသွင်းခြင်းအပြင် ကုမ္ပဏီရုံးခွဲမှလည်း ရုံးခွဲရှိဝန်ထမ်းများ၏ လစာဝင်ငွေခွန်များကို ဖြတ်တောက်၍ တိုက်ရိုက်ပေးသွင်းနိုင်ပါသည်။
- ❖ လစာဝင်ငွေခွန် နုတ်ယူပေးသွင်းသူ (ကုမ္ပဏီ/ဌာန/အဖွဲ့အစည်း) အနေဖြင့် ပတခ(ဝင)-၁၅(က)တွင် အချက်အလက်များပြည့်စုံစွာရေးသွင်း၍ လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခံရသူ (ဝန်ထမ်းတစ်ဦးချင်း) ထံသို့ နှစ်စဉ်ထုတ်ပေး၍ မူရင်းခွဲအား မှတ်တမ်းထားရှိရမည်။
- ❖ အခြေပစ္စည်းဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ အခြားတစ်နည်းနည်းဖြင့်ရယူခြင်း ဆောင်ရွက်သည့်အခါ ဝင်ငွေရလမ်းတင်ပြရာတွင် ယခင်ကအသုံးပြုခဲ့သည့် အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ်ကဲ့သို့ လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ(ဝင)-၁၅(က) ကိုလည်း တင်ပြနိုင်ပါသည်။



## လစာဝင်ငွေခွန်ကို အီလက်ထရောနစ်ငွေပေးချေမှုစနစ်ဖြင့် ဘယ်လိုဆောင်ရမှာလဲ

၁။ အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးဆောင်နိုင်သည့် ပုဂ္ဂလိကဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရမည်၊


၂။ လစာထုတ်ပေးရန်တာဝန်ရှိသူက လစာထုတ်ပေးချိန်တွင် ကျသင့်သည့်လစာဝင်ငွေခွန်ကို လစဉ်အရစ်ကျနုတ်ယူပြီး ပေးသွင်းရပါမည်၊

၃။ လစာထုတ်ပေးရန် တာဝန်ရှိသူသည်-

(က) တစ်နှစ်အတွက် ကျသင့်မည့်လစာဝင်ငွေခွန်ကို ခန့်မှန်းတွက်ချက်ရပါမည်၊

(ခ) လစာထုတ်ပေးသည့်အခါတိုင်း တစ်နှစ်အတွက်ကျသင့်မည့် လစာဝင်ငွေခွန်မှ လစဉ်အရစ်ကျ ဖြတ်တောက်နုတ်ယူရပါမည်၊

(ဂ) လစာမှဖြတ်တောက်ထားသည့် လစာဝင်ငွေခွန်များကို အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးဆောင်နိုင်ရန် သတ်မှတ်ထား သော Excel Template တွင် တစ်ဦးချင်းစာရင်းကို ဖြည့်သွင်းရန် လိုအပ်ပါမည်၊



[illegible]

[illegible]

Employee Name - DEF Company Limited

TIN - [illegible]

| Record Number | Employee Name | နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) | [illegible] | Employee Address | Passport No(If) | Positions | Tax Period | Income Year | End Date of Period covered by Payment (DD-MM-YYYY) | Salary for Period (Kyat) | Allowance Claimed by Employee | Amount Witheld (Kyat) | Remark | Phone Number | Email | Branch Name(If) | Unique Identification Number(If) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Moe Moe Naing | 4/HAKHANA(N)042297 | | No-1,Yankin street,Yangon | _ | Accountant | JULY | 2020 | 31-07-2020 | 2000000 | 1000000 | 20000 | | [illegible] | [illegible] | | |
| 2 | Win Pa Pa | 5/KHAPANA(N)001299 | | No-54,Min Lann,Yangon | _ | Manager | JULY | 2020 | 31-07-2020 | 3000000 | 1200000 | 23000 | | [illegible] | [illegible] | | |
| 3 | Khaing Myo Thein | 5/BATALA (N)052287 | | 9/STKanTharYar Township, Mandalay | _ | Programmer | JULY | 2020 | 31-07-2020 | 2500000 | 1600000 | 22000 | | [illegible] | [illegible] | | |

(ဃ) ဖော်ပြပါ Excel Template ကို IRD Website www.ird.gov.mm ၏ "ဖောင်ပုံစံများ"တွင်လည်းကောင်း၊ https://onlinepayment.ird. gov.mm မှတစ်ဆင့် Tax Type တွင် Pay As You Earn နှင့် Payment Type တွင် Advance Monthly Payment အား ရွေးချယ်၍ Sample File မှ လည်းကောင်း Download ရယူနိုင်ပါသည်၊

(င) အလုပ်ရှင်/ကုမ္ပဏီ/အဖွဲ့အစည်း၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် (9 Digit TIN) ကို အသုံးပြု၍ ပေးဆောင်ရပါမည်၊

(စ) ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ပေးသွင်းမှု အထောက်အထား [ပတခ(e-payment)]ပေးပို့နိုင်ရန် အဆိုပါအခွန်ငွေပေးသွင်းမှုအတွက် ဆက်သွယ်ရမည့် သီးခြားအတည်ပြုသတ်မှတ်ထားသည့် Email address နှင့် ဖုန်းနံပါတ်တို့အား သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ထား ရပါမည်၊

(ဆ) Excel Format ဖြင့် ဖြည့်သွင်းထားသော Excel File Soft Copy အား ကုမ္ပဏီအခွန်စည်းကြပ်သည့် သက်ဆိုင်ရာရုံးသို့ e-Filing ဖြင့်သော်လည်းကောင်း၊ သင့်လျော်ရာနည်းလမ်းဖြင့်သော်လည်းကောင်း လစဉ် မပျက်မကွက် ပေးပို့ရမည် (ထိုသို့ပေးပို့ပြီးပါက ပတခ(ဝင)-၀၃-၀၆ (က) ထပ်မံပေးပို့ရန် မလိုအပ်ပါ)။

### အခွန်ပေးသွင်းပြီးနောက် Excel Schedule ပါ အချက်အလက် မှားယွင်းမှုတစ်စုံတစ်ရာရှိပါက လုပ်ဆောင်ရမည့်အချက်

၁။ သက်ဆိုင်ရာလအတွင်း တွေ့ရှိပါက လကုန်ရက်မတိုင်မီ (၃)ရက် ကြိုတင်ကာ စည်းကြပ်သည့်အခွန်ရုံးသို့ ဆက်သွယ်၍ အမှားပြင်ဆင်ချက် လျှောက်ထားရပါမည်။

၂။ အခွန်ပေးသွင်းရာတွင် TIN မှားယွင်းဖြည့်သွင်းခြင်းကြောင့် ပေးဆောင်သည့် အခွန်ရုံးလွဲမှားကြောင်းတွေ့ရှိပါက သက်ဆိုင်ရာအခွန်ရုံးသို့ နေ့ချင်းအကြောင်းကြား၍ မိမိအခွန်ပေးသွင်းခဲ့သည့် ဘဏ်သို့လည်း ချက်ချင်းဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းစဉ်တစ်ခုဖြစ်သော အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းဖြင့် အခွန်ပေးဆောင်ခြင်းအကြောင်း သိကောင်းစရာများ







https://onlinepayment.ird.gov.mm

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**"Tax by the Law, Service by our Heart"**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် သတင်းအချက်အလက်နည်းပညာကဏ္ဍ တိုးတက်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေစွာ အခွန်စနစ်တိုးတက်စေရန်၊အခွန်ထမ်းများ၏ လိုက်နာဆောင်ရွက်မှုမြင့်မားစေရေးအတွက် အခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းနှင့် မိုဘိုင်း ငွေပေးချေမှုနည်းလမ်းတို့ဖြင့် CBM-NET မှတစ်ဆင့်လည်းကောင်း၊ MPU e-Commerce ကိုအသုံးပြု၍ Online မှလည်းကောင်း ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ယက်စနစ် CBM-NET ကိုအသုံးပြု၍ အခွန်ငွေလွှဲပြောင်းပေးသွင်းနိုင်သည့် နည်းလမ်းများ**

၁။ IRD နှင့် API နည်းပညာဖြင့်ချိတ်ဆက်ထားသော ဘဏ်များဖြစ်သည့် CB၊ AYA၊ KBZ၊ MAB၊ AGD၊ MWD၊ ....... တို့၏ i-Banking၊ Mobile Banking၊ Mobile Payment (AYA Pay၊ uabPay၊ One Pay၊ ............... ) တို့ကို အသုံးပြု၍ လွှဲပြောင်းပေးသွင်းခြင်း၊

၂။ API ချိတ်ဆက်မထားသော ဘဏ်များ၏ Digital Payment System များကို အသုံးပြု၍ လွှဲပြောင်းပေးသွင်းခြင်း၊

၃။ စာရင်းပြောင်းနည်း (Transfer)၊ စာရင်းရှင်းနည်း(Clearing)၊ PO/Cheque တို့ဖြင့် လွှဲပြောင်းပေးသွင်းခြင်း၊

၄။ ငွေသားဖြင့် လွှဲပြောင်းပေးသွင်းခြင်း (Cash on Delivery)။

## CBM-NET ကိုအသုံးပြု၍ အခွန်ငွေလွှဲပြောင်းပေးသွင်းနိုင်ရန် အတွက် လိုအပ်ချက်များ

၁။ အခွန်ပေးသွင်းနိုင်သည့် ပုဂ္ဂလိကဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရမည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(9 Digit TIN) ရှိရမည်။

၃။ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ပေးသွင်းမှုအထောက်အထား [ပတခ(e-payment)] ပေးပို့နိုင်ရန် အဆိုပါအခွန်ငွေ ပေးသွင်းမှုအတွက် ဆက်သွယ်ရမည့် သီးခြားအတည်ပြုသတ်မှတ်ထားသည့် Email Address အား သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ထားရမည်။

၄။ အခွန်ရုံးမှ လိုအပ်ပါကဆက်သွယ်နိုင်ရန် သီးခြားအတည်ပြုသတ်မှတ်ထားသည့် ဖုန်းနံပါတ်ကို သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ထားရမည်။



**အခွန်ငွေများကိုသတ်မှတ်ရက်အတွင်းပေးသွင်းပါက တည်ဆဲအခွန်ဥပဒေအရ ဒဏ်ကြေးငွေကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ် ငွေပေးချေမှုစနစ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဘဏ်များမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်ကိုအသုံးပြု၍ အခွန်ငွေများ ပေးသွင်းရာတွင်လည်းကောင်း ဘဏ်ပိတ်ချိန်နောက်ပိုင်းနှင့် ရုံးပိတ်ရက်များတွင် ဆောင်ရွက်ပါက ဘဏ်ပြန်ဖွင့်သည့်ရက်၌သာ Transaction လွှဲပြောင်းနိုင်မည်ဖြစ်၍ သတ်မှတ်ရက်ကျော်လွန်မှုမဖြစ်စေရန်အတွက် အဆိုပါရက်များမတိုင်မီ ပေးသွင်းကြရန်ဖြစ်ပါသည်။**

**အခွန်ပေးသွင်းပြီးနောက် အချက်အလက်မှားယွင်းမှုများ တစ်စုံတစ်ရာပေါ်ပေါက်ကြောင်း အခွန်ထမ်းမှ ဆိုင်ရာအခွန်ရုံးသို့ တင်ပြခဲ့ပါက**

၁။ သက်ဆိုင်ရာလအတွင်း တင်ပြခြင်းဖြစ်လျှင် မှန်ကန်သည့် အခွန်အမျိုးအစား ပြောင်းလဲပေးခြင်း၊

၂။ သတ်မှတ်ကာလကျော်လွန်ပြီးမှ တင်ပြခြင်းဖြစ်လျှင် တည်ဆဲအခွန်ဆိုင်ရာနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်အမ်းငွေထုတ်ပေးခြင်း၊ ဆိုင်ရာခေါင်းစဉ်တွင် ကြိုတင်ငွေဖြင့် ခုနှိမ်ပေးခြင်းများ ဆောင်ရွက်ပေးသွားပါမည်။

| သက်ဆိုင်ရာအခွန်ရုံးများ၏ ဘဏ်စာရင်းအမှတ် (MD -----) နှင့် လွှဲပြောင်းပေးသွင်းရမည့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲအမည် | | |
|---|---|---|
| ရုံးအမည် | ငွေစာရင်း | ဘဏ်ခွဲ |
| LTO-1 | MD-010134 | မစဘ(ဘဏ်ခွဲ-၂) |
| LTO-2 | MD-010220 | မစဘ(ဘဏ်ခွဲ-၂) |
| MTO-1 | MD-010118 | မစဘ(ဘဏ်ခွဲ-၃) |
| MTO-2 | MD-010015 | မစဘ(ဘဏ်ခွဲ-၁) |
| MTO-3 | MD-010145 | မစဘ(ဘဏ်ခွဲ-၂) |
| MTO-4 | MD-011521 | မစဘ(သဃ်္ဃန်းကျွန်းဘဏ်ခွဲ) |
| MTO-5 | MD-014932 | မစဘ မန္တလေး (ဘဏ်ခွဲ-၂) |
| မှတ်ချက်။ ။ (မစဘ- မြန်မာ့စီးပွားရေးဘဏ်) | | |



**အခွန်ထမ်းဆိုင်ရာလိုအပ်သည့် အချက်များ**


| Sr. | Tax Payment Information |
|---|---|
| 1. | Taxpayer Identification Number (TIN) |
| 2. | Company Name |
| 3. | Address |
| 4. | Contact Phone Number |
| 5. | Contact Email |

**ပေးသွင်းလိုသည့်အခွန်အမျိုးအစားအတွက် အောက်ပါ Tax Type တစ်မျိုးအား ဖြည့်သွင်းရန်လိုအပ်သည်။**

| | |
|---|---|
| အထူးကုန်စည်ခွန် | Specific Goods Tax |
| ရတနာခွန် | Gemstone Tax |
| ဝင်ငွေခွန် | Income Tax |
| ကုန်သွယ်လုပ်ငန်းခွန် | Commercial Tax |
| အခြေပစ္စည်းမှမြတ်စွန်းငွေ | Capital Gains |
| ပင်ရင်းမှနုတ်ယူပေးသွင်းငွေ | Withholding Tax |
| လစာဝင်ငွေခွန် | Pay As You Earn |
| တံဆိပ်ခေါင်းခွန် | Stamp Duty |


**အောက်ပါ Payment Type တစ်မျိုးအားဖြည့်သွင်းရန်လိုအပ်သည်။**

| ပေးဆောင်မှုအမျိုးအစား | ရှင်းလင်းချက် | သက်ဆိုင်သည့်အခွန် |
|---|---|---|
| Advance Monthly Payment | လစဉ်ပေးဆောင်ရမည့် အခွန် | Commercial Tax, Specific Goods Tax, Gemstone Tax, PAYE (Pay As You Earn) |
| Advance | ကြိုတင်ခွန် | Capital Gains, Withholding Tax |
| Quarterly Payment | သုံးလပတ်အလိုက် ပေးဆောင်ရမည့် အခွန် | Income Tax |
| Balance Due with Return | နှစ်ချုပ်ကြေညာလွှာ တင်သွင်းပြီးနောက် ထပ်မံပေးသွင်းရမည့် အခွန် | Income Tax, Commercial Tax, Specific Goods Tax, Capital Gains, Gemstone Tax |
| Audit Assessment | အခွန်စာရင်း စစ်ဆေးခြင်းအရ ကျသင့်သောအခွန် | Income Tax, Commercial Tax, Specific Goods Tax, Gemstone Tax, Capital Gains, PAYE (Pay As You Earn), Withholding Tax |
| Arrears | အခွန်ကြွေးပေးသွင်းငွေ | Income Tax, Commercial Tax, Specific Goods Tax, Gemstone Tax, Capital Gains, PAYE (Pay As You Earn), Withholding Tax |




**Step-5**

ပေးသွင်းမည့်အခွန်ငွေပမာဏကို စစ်ဆေး၍ အသုံးပြုမည့် ငွေပေးချေမှုနည်းလမ်း Choose your payment တွင် MMQR Option ကိုရွေး၍ Payment with MMQR ကိုနှိပ်ပါ။




**Step-6**

MMQR Payment Page တွင် MMQR Code ကို Scan ဖတ်၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay နှင့် YOMA Bank စသည်တို့ဖြင့် အခွန်ပေးဆောင်ပါ။



Payment Successful ဖြစ်ပါက ပုဂ္ဂလိကဘဏ်မှ ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ အခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား(e-Receipt) ကို အခွန်ထမ်းထံသို့ ပေးပို့အကြောင်းကြားမည် ဖြစ်ပါသည်။

**TAX PAYMENT TRANSACTION တစ်ခုသည် အခွန်အမျိုးအစား၊ အခွန်ပေးသွင်းမှုအမျိုးအစား၊ အခွန်ပေးဆောင်သည့်ကာလတို့အတွက် တစ်ကြိမ်လျှင် တစ်မျိုးအတွက်သာဖြစ်သည်။ တစ်ကြိမ်တည်းပေါင်း၍ ပေးသွင်းခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရ။**



**ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အခွန်ငွေလွှဲပြောင်းပေးသွင်းရာတွင် ဘဏ်သို့ပေးရမည့် အခွန်ဆိုင်ရာအချက်အလက်များ**

၁။ အခွန်ထမ်းအမည်
၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN)
၃။ အခွန်အမျိုးအစား
၄။ ပေးဆောင်မှုအမျိုးအစား
၅။ အခွန်ပေးဆောင်သည့်ကာလ
၆။ ဝင်ငွေနှစ်
၇။ လွှဲပြောင်းပေးသွင်းရမည့်ဘဏ်
၈။ ဘဏ်စာရင်းအမှတ် MD-
၉။ ပေးဆောင်သည့်ပမာဏ
(ဂဏန်းဖြင့်) ကျပ်
(စာဖြင့်) ကျပ်
(စာဖြင့်) ကျပ်

**အခွန်ငွေပေးသွင်းရာတွင် သတိပြုလိုက်နာရမည့်အချက်များ**

၁။ ပေးဆောင်သည့် အခွန်အမျိုးအစား (Tax Type) အား မှန်ကန်စွာ ရွေးချယ်ရန်၊
၂။ အခွန်ပေးဆောင်မှုအမျိုးအစား (Payment Type) အား မှန်ကန်စွာ ရွေးချယ်ရန်၊
၃။ အခွန်အမျိုးအစားများ (Tax Types) အားပေါင်း၍ ပေးသွင်းခြင်း မပြုလုပ်ရန်၊
၄။ အခွန်ကာလအား ပြည့်စုံစွာရွေးချယ်ရန်၊
၅။ အခွန်ကာလအား ဘဏ္ဍာနှစ်တစ်နှစ်ချင်းစီအလိုက်သာ ရွေးချယ်ပေးသွင်းရန်၊
၆။ လစာဝင်ငွေခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax) များအတွက် သတ်မှတ် Schedule များကို သက်ဆိုင်ရာ အခွန်ရုံးသို့ သင့်ရာနည်းဖြင့် ပေးပို့ရန်။

**အခွန်ငွေပေးသွင်းရာတွင် ဘဏ်မှသတ်မှတ်ထားသော ငွေလွှဲပုံစံနှင့်အတူ ဘဏ်သို့ပေးရမည့် အခွန်ဆိုင်ရာအချက်အလက်များ ဖြည့်သွင်းရာ၌ သတိပြုရှောင်ရှားရမည့်အချက်များ**


၁။ ပေးဆောင်သည့် အခွန်အမျိုးအစားအား မှားယွင်းစွာ ရေးသားခြင်း၊
၂။ အခွန်ငွေပေးသွင်းသည့်ကာလအား မပြည့်မစုံရေးသားခြင်း၊
၃။ အခွန်ပေးဆောင်မှုအမျိုးအစားလွဲမှားခြင်း၊ ဖြည့်သွင်းမှုမရှိခြင်း၊
၄။ အခွန်အမျိုးအစား မှားယွင်းပေးသွင်းပြီးမှ ပြန်လည်ပြင်ဆင်ခြင်း၊
၅။ အခွန်ကာလအား ဘဏ္ဍာနှစ်တစ်နှစ်စီအလိုက် မဟုတ်ဘဲ ဘဏ္ဍာနှစ်များ ပေါင်း၍ပေးသွင်းခြင်း၊
၆။ အခွန်အမျိုးအစားများအား ပေါင်း၍ပေးသွင်းခြင်း၊
၇။ လစာဝင်ငွေခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် ကိစ္စများအတွက် သတ်မှတ် Schedule မပါရှိခြင်း။



## IRD's Tax Payment Hub ကို အသုံးပြု၍ Online မှ အခွန်ပေးဆောင်ပုံအဆင့်ဆင့်

**Step-1**

ပြည်တွင်းအခွန်များဦးစီးဌာန၏ Website (https://www.ird. gov.mm) မှတစ်ဆင့် "အခွန်ပေးဆောင်ရန်" Quick Access Menu ကို နှိပ်၍လည်းကောင်း၊ (https://onlinepayment.ird.gov.mm) URL Address ကို အသုံးပြု၍လည်းကောင်း စနစ်အတွင်းသို့ ဝင်ရောက်ပါ။



**Step-2**

IRD's Tax Payment Hub Welcome Page မှ "အခွန်ပေးဆောင်ရန်" Button ကို Click နှိပ်ပါ။





**Step-3**

ထို့နောက် ကုမ္ပဏီအဖွဲ့အစည်းပေးသွင်းခြင်း၊ တစ်ဦးချင်းပေးသွင်းခြင်း၊ လစာဝင်ငွေခွန်ပေးသွင်းခြင်း Quick Access Menu သုံးခုအနက် ဆိုင်ရာကို ရွေးချယ်၍ Click နှိပ်ပါ။




**Step-4**

အခွန်ထမ်းအမြဲတမ်းမှတ်ပုံတင်အမှတ်(TIN) သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမည်၊ လိပ်စာ၊ ဆက်သွယ်ရန် အီးမေးလ်လိပ်စာ၊ ဖုန်းနံပါတ်တို့ကို မှန်ကန်စွာဖြည့်သွင်းပြီး ပေးသွင်းမည့်အခွန်အမျိုးအမည် (Tax Type)၊ အခွန်ပေးဆောင်မှုအမျိုးအစား (Payment Type)၊ အခွန်ကာလ (Tax Period)၊ ဝင်ငွေနှစ် (Income Year) တို့ကို ပြည့်စုံမှန်ကန်စွာ ရွေးချယ်ပါ။ ပေးသွင်းမည့်အခွန်ပမာဏကို ဖြည့်သွင်းပြီးနောက် "Next" Button ကို နှိပ်ပါ။




**Step-5**

ပေးသွင်းမည့်အခွန်ငွေပမာဏကို စစ်ဆေး၍ အသုံးပြုမည့် ငွေပေးချေမှုနည်းလမ်း Choose your payment တွင် MPU Option ကိုရွေး၍ Payment with MPU ကိုနှိပ်ပါ။




**Step-6**

MPU Payment Page တွင် Card Number ဖြည့်သွင်းပါက MPU Card မှန်ကန်ကြောင်း Register Now ကိုလုပ်ဆောင်ရန် လိုအပ်သည်။ MPU Card ဆိုင်ရာအချက်အလက်များကို ဖြည့်သွင်းပြီး declare that the above… ကို အမှန်ခြစ်၍ SUBMIT NOW ကို နှိပ်ပါ။Card Number၊ Card ကုန်ဆုံးမည့်ရက်စွဲနှင့် OTP နံပါတ်တို့ကို ရိုက်သွင်းပြီး CONFIRM PAYMENT ကိုနှိပ်ပါ။ အခွန်ပေးဆောင်မှုပြီးစီးကြောင်း မိမိထည့်သွင်းထားသော Email Address သို့ Mail ဝင်ရောက်လာမည်ဖြစ်သည်။




Payment Successful ဖြစ်ပါက ပုဂ္ဂလိကဘဏ်မှ ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား(e-Receipt) ကို အခွန်ထမ်းထံသို့ ပေးပို့ အကြောင်းကြားမည် ဖြစ်ပါသည်။

**TAX PAYMENT TRANSACTION တစ်ခုသည် အခွန်အမျိုးအစား၊ အခွန်ပေးသွင်းမှုအမျိုးအစား၊ အခွန်ပေးဆောင်သည့်ကာလတို့အတွက် တစ်ကြိမ်လျှင် တစ်မျိုးအတွက်သာဖြစ်သည်။ တစ်ကြိမ်တည်းပေါင်း၍ ပေးသွင်း ခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရ။**



## e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကိုအသုံးပြု၍ အခွန်ပေးသွင်းရာတွင် အခွန်ပေးသွင်းသူများ လိုက်နာရမည့်အချက်များ

၁။ TIN နံပါတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများ၏ အခွန်ပေးသွင်းငွေသည် ကျပ်သိန်း (၅၀) အောက်ဖြစ်ပါက e-Commerce ဖွင့်လှစ်ထားနိုင်သော မည်သည့် MPU Debit Card ကိုမဆို အသုံးပြု၍ IRD Website www.ird.gov.mm မှတစ်ဆင့် Online ဖြင့် အခွန်ပေးသွင်းနိုင်ပါသည်။

၂။ သို့ရာတွင် အခွန်ပေးသွင်းငွေသည် ကျပ်သိန်း (၅၀) နှင့်အထက်ဖြစ်ပါက ဘဏ်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ဆိုင်ရာအခွန်ရုံး၏ အထောက်အထားဖြင့် Corporate စာရင်းတစ်ခုချိတ်ဆက်ရန် MPU Corporate Debit Card လျှောက်ထားရပါမည်။

၃။ အခွန်ပေးသွင်းရာတွင် Transaction တစ်ကြိမ်လျှင် Maximum ပမာဏ ကျပ် (၅) ဘီလီယံသာ ပေးသွင်းနိုင်မည်ဖြစ်ပါသည်။ Transaction တစ်ကြိမ်လျှင် MPU မှ ဝန်ဆောင်ခ (၅၀၀၀) ကျပ် ကောက်ခံပါမည်။

၄။ အခွန်ပေးသွင်းသော Transaction တစ်ကြိမ်ပြုလုပ်တိုင်း လုံခြုံမှုရှိစေရန်အတွက် One Time Password (OTP) ကို အသုံးပြုရမည်ဖြစ်ပါ၍ OTP ပေးပို့ရန်အတွက် Dedicated Email Account တစ်ခုကို ကတ်လျှောက်သည့်ဘဏ်သို့ ပေးရမည်ဖြစ်ပါသည်။ အဆိုပါ Email ၏ Security ကို အသုံးပြုသူမှ တာဝန်ယူရန် ဖြစ်ပါသည်။

၅။ အခွန်ပေးသွင်းမှုပြည့်စုံမှန်ကန်ပြီး Successful ဖြစ်ပါက အခွန်ပေးသွင်းသူထံသို့ Transaction Successful ဖြစ်ကြောင်း Email ပေးပို့ပါမည်။ Email မရရှိပါက Transaction Success မဖြစ်ပါ။

### Tax Calendar

| အခွန်ထမ်းများဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | လိုက်နာဆောင်ရွက်ရမည့် အချိန်ကာလ |
|---|---|
| လစဉ်အထူးကုန်စည်ခွန်ပေးသွင်းခြင်း | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက် အတွင်း |
| လစဉ်ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက် အတွင်း |
| သုံးလပတ် ဝင်ငွေခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁၀)ရက်အတွင်း |
| သုံးလတစ်ကြိမ် အထူးကုန်စည်ခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁၀)ရက်အတွင်း |
| သုံးလတစ်ကြိမ် ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁)လအတွင်း |
| နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာဘဏ္ဍာနှစ် ကုန်ဆုံးပြီး (၃)လအတွင်း |
| ဝင်ငွေကြေညာလွှာ တင်သွင်းခြင်း | သက်ဆိုင်ရာဝင်ငွေနှစ် ကုန်ဆုံးပြီး (၃)လအတွင်း |

**သတိပြုရန် - အခွန်ငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းပါက တည်ဆဲအခွန်ဥပဒေအရ ဒဏ်ကြေးငွေကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အခွန်ထမ်းများအနေဖြင့် အခွန်ငွေများပေးသွင်းရာတွင် သတ်မှတ်ရက်ကျော်လွန်မှု မဖြစ်စေရန်အတွက် ဂရုပြုပေးသွင်းကြရန်နှင့် နောက်ဆုံးပေးသွင်းရက်သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်နေလျှင် ယင်းနေ့၏ နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် ပေးသွင်းကြရန် ဖြစ်ပါသည်။**



## MMQR အသုံးပြု၍ Online မှ အခွန်ပေးဆောင်ပုံ အဆင့်ဆင့်

**Step-1**

ပြည်တွင်းအခွန်များဦးစီးဌာန၏ Website (https://www.ird. gov.mm) မှတစ်ဆင့် "အခွန်ပေးဆောင်ရန်" Quick Access Menu ကို နှိပ်၍လည်းကောင်း၊ (https://onlinepayment.ird.gov.mm) URL Address ကို အသုံးပြု၍လည်းကောင်း စနစ်အတွင်းသို့ ဝင်ရောက်ပါ။




**Step-2**

IRD's Tax Payment Hub Welcome Page မှ "အခွန်ပေးဆောင်ရန်" Button ကို Click နှိပ်ပါ။




**Step-3**

ထို့နောက် ကုမ္ပဏီအဖွဲ့အစည်းပေးသွင်းခြင်း၊ တစ်ဦးချင်းပေးသွင်းခြင်း၊ လစာဝင်ငွေခွန်ပေးသွင်းခြင်း Quick Access Menu သုံးခုအနက် ဆိုင်ရာကို ရွေးချယ်၍ Click နှိပ်ပါ။




**Step-4**

အခွန်ထမ်းအမြဲတမ်းမှတ်ပုံတင်အမှတ်(TIN) သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမည်၊ လိပ်စာ၊ ဆက်သွယ်ရန် အီးမေးလ်လိပ်စာ/ဖုန်းနံပါတ်တို့ကို မှန်ကန်စွာဖြည့်သွင်းပြီး ပေးသွင်းမည့် အခွန်အမျိုးအမည် (Tax Type)၊ အခွန်ပေးဆောင်မှုအမျိုးအစား (Payment Type)၊ အခွန်ကာလ (Tax Period)၊ ဝင်ငွေနှစ် (Income Year) တို့ကို ပြည့်စုံမှန်ကန်စွာရွေးချယ်ပါ။ ပေးသွင်းမည့်အခွန်ပမာဏကို ဖြည့်သွင်းပြီးနောက် "Next" Button ကို နှိပ်ပါ။

## အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် အခွန်ပေးဆောင်နိုင်ရန် အကောင်အထည်ဖော်ခဲ့သည့် သမိုင်းကြောင်းအကျဉ်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် “အလွန်ထိရောက်ကောင်းမွန်သောအခွန်စီမံခန့်ခွဲမှု လုပ်ငန်းများကို ရိုးသားဖြောင့်မတ်စွာဖြင့် ဆောင်ရွက်သည့် နိုင်ငံတကာအသိအမှတ်ပြု ခေတ်မီအဖွဲ့အစည်းတစ်ခုဖြစ်ရမည်” ဟု မျှော်မှန်း၍ ပြုပြင်ပြောင်းလဲရေးနည်းဗျူဟာ (၈) ရပ်ချမှတ်၍ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ ပြုပြင်ပြောင်းလဲရေးနည်းဗျူဟာ (၈) ရပ်ပါ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံပြင်ဆင်ခြင်းနှင့် အခွန်စည်းကြပ်မှုလုပ်ငန်းများကို ခေတ်မီအောင်ဆောင်ရွက်ခြင်း နည်းဗျူဟာအရ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး Large Taxpayer Office ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်း၍ အခွန်ရုံးမှစည်းကြပ်သည့်စနစ်မှ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်ကို ကူးပြောင်းကျင့်သုံးခဲ့ပါသည်။

၃။ ထို့အပြင် အခွန်ပြုပြင်ပြောင်းလဲရေးအစီအစဉ် (Tax Reform Program) အောက်တွင် သတင်းနည်းပညာပြုပြင်ပြောင်းလဲရေးစီမံချက် (IT Project) ကိုလည်း ဖွဲ့စည်း၍ အခွန်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အခွန်စည်းကြပ်မှုလုပ်ငန်းများတွင် စာရွက်စာတမ်းအခြေပြုဆောင်ရွက်နေမှု အစား ခေတ်မီနည်းပညာများအသုံးပြု၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများကို အခြေခံသောအခွန်စီမံခန့်ခွဲမှုစနစ် ဖြစ်တည်လာစေရန်အတွက် နိုင်ငံတကာနည်းတူ ခေတ်မီနည်းပညာစနစ်များ အသုံးပြုနိုင်ရန် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။

၄။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပထမအဆင့်အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ၂၀၁၂ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ မှ ၂၀၂၀-၂၀၂၂ ထိ ဒုတိယအဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကောင်းမွန်သော တိုးတက်မှုများကိုရရှိခဲ့ပါသည်။

၅။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ တတိယအဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အခွန်စည်းကြပ်ကောက်ခံခြင်း၊ အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်များတွင် digital အသုံးချမှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် အခြားနိုင်ငံများနည်းတူ digital tax administration စနစ်ကျင့်သုံးနိုင်ရန် ချဉ်းကပ်မှုအနေဖြင့် အီလက်ထရောနစ်ဝန်ဆောင်မှု (e-Service) များကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။




၆။ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့မှစ၍ Myanmar Payment Union (MPU) e-Commerce ဖွင့်လှစ်ထားသော MPU Debt Card ကို အသုံးပြု၍ ird.gov.mm website မှတဆင့် onlinepayment.ird.gov.mm တွင် ပထမအဆင့်အနေဖြင့် သီလဝါ အထူးစီးပွားရေးဇုန်မှ အခွန်ထမ်းများအား Online မှ ပေးဆောင်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၇။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ငွေပေးချေမှုကွန်ယက်စနစ် (CBM-NET) ၏ CCT function ကို အသုံးပြု၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေလွှဲပြောင်းပေးသွင်းခြင်းနည်းလမ်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၈။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းတွင် KBZ, AYA, CB, uab, MWD စသည့်ဘဏ်များ၏ Internet Banking ၊ Mobile Banking ၊ Mobile Pay တို့နှင့် ပေးဆောင်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၉။ တိုင်းဒေသကြီး/ ပြည်နယ်တို့မှ တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းများ e-Commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ Online မှ အခွန်ပေးဆောင်နိုင်ရန် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့မှစ၍ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး (၇၅) ရုံးအား ထပ်မံတိုးချဲ့ ဆောင်ရွက်ခဲ့ရာ လက်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၂၀၁) ရုံးတို့၌ အခွန်ထမ်းဆောင်လျက်ရှိသော တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများ ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပြီး နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်း မရှိသေးသော မြို့နယ်အချို့သာကျန်ရှိပါသည်။

၁၀။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှစ၍ အီလက်ထရောနစ်အခွန်ငွေပေးချေမှု ပြတင်းတစ်ပေါက်စနစ်ပလက်ဖောင်း (IRD’s Tax Payment Hub) မှတစ်ဆင့် MPU e-Commerce Card (သို့မဟုတ်) စနစ်ချိတ်ဆက်ထားသော ဘဏ်များ၏ မိုဘိုင်းဘဏ်စနစ်၊ မိုဘိုင်းပိုက်ဆံအိတ်စနစ်တို့ဖြင့် အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။






၁၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ နိုင်ငံပိုင်ဘဏ်များတွင် ဘဏ်ငွေစာရင်းဖွင့်လှစ်ထားသော အခွန်ထမ်းများမှအပ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများရှိ အခွန်ထမ်းများအပြင် အဆိုပါရုံးများတွင် အခွန်ထမ်းဆောင်နေသော ကုမ္ပဏီအခွန်ထမ်းများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းများကို ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီးလုံခြုံမှုရှိသည့် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များဖြင့်သာ အခွန်ပေးသွင်းစေခြင်းကို တစ်ပြေးညီလိုက်နာကျင့်သုံး ဆောင်ရွက်စေလျက်ရှိပါသည်။

၁၂။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီလက်ထရောနစ်နည်းဖြင့် ငွေပေးသွင်းနိုင်ရန် အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ထားရှိပါသည်-


(က) ပြည်တွင်းအခွန်များဦးစီးဌာန၏ Website (https://www.ird.gov.mm) မှတစ်ဆင့် အီလက်ထရောနစ်အခွန်ငွေပေးချေမှု ပြတင်းတစ်ပေါက်စနစ်ပလက်ဖောင်း (IRD’s Tax Payment Hub) မှတစ်ဆင့် MPU e-Commerce Card (သို့မဟုတ်) စနစ်ချိတ်ဆက်ထားသော ဘဏ်များ၏ မိုဘိုင်းဘဏ်စနစ်၊ မိုဘိုင်းပိုက်ဆံအိတ်စနစ်တို့ဖြင့် အခွန်ပေးဆောင်နိုင်ခြင်း၊

(ခ) အခွန်ထမ်းပြည်သူများအနေဖြင့် IRD’s Tax Payment Hub (https://onlinepayment.ird.gov.mm) တွင် အခွန်ပေးဆောင်မှုဆိုင်ရာ အချက်အလက်များဖြည့်သွင်းပြီး MMQR Code ကို Scan ဖတ်၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay နှင့် YOMA Bank စသည့်တို့ဖြင့် အခွန်ပေးဆောင်နိုင်ခြင်း၊


(ဂ) ပုဂ္ဂလိကဘဏ်များတွင် ဖွင့်လှစ်ထားသော ငွေစာရင်းမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု စနစ် (CBM-NET system) ၏ ဘဏ်အချင်းချင်း ငွေလွှဲပြောင်း ပေးသွင်းနိုင်သည့်လုပ်ဆောင်မှု (Customer Credit Transfer – CCT function) ကိုအသုံးပြု၍ အီလက်ထရောနစ်ငွေပေးချေမှု နည်းလမ်းဖြင့် အခွန်ပေးဆောင်နိုင်ခြင်း၊


(ဃ) အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်ဖြင့် ထီကံစမ်းသူများမှ ထီဖိုးငွေပေးချေခြင်းနှင့် ကျပ် (၁၀) သိန်းနှင့်အောက် ထီဆုငွေများ ထုတ်ပေးခြင်းတို့ကို AYA Pay၊ KBZ Pay၊ CB Pay၊ uab Pay၊ Mytel Pay၊ One Pay၊ OK$၊ Easy Pay၊ Mytel ဖုန်းသုံးစွဲသူများ အနေဖြင့် Mobile Top Up ငွေတို့မှတစ်ဆင့် အီလက်ထရောနစ်နည်းဖြင့် လွှဲပြောင်းပေးသွင်းနိုင်ခြင်း ။


IRD Website: https://www.ird.gov.mm



IRD Payment Hub Portal:
https://onlinepayment.ird.gov.mm






ပုဂ္ဂလိကဘဏ်များ၏ Internet Banking, i-Banking, Mobile Banking စနစ်များဖြင့် အခွန်ငွေပေးဆောင်နိုင်ရန် ဌာန၏စနစ်နှင့် API နည်းပညာဖြင့်ချိတ်ဆက်ဆောင်ရွက်ထားရှိပါသည်။



**လက်ရှိအချိန်အထိ ဝန်ဆောင်မှုပေးလျက်ရှိသည့် ဘဏ်အရေအတွက်**

| ပြည်တွင်းဘဏ် အရေအတွက် | နိုင်ငံခြားဘဏ် ဘဏ်ခွဲ (ပြည်တွင်း) | စုစုပေါင်း |
| --- | --- | --- |
| ၂၈ | ၁၈ | ၄၆ |


ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အီလက်ထရောနစ်ဝန်ဆောင်မှုစနစ်များဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကို ဝန်ဆောင်မှုပေးကူညီဆောင်ရွက်နိုင်ရန်အတွက် "အီလက်ထရောနစ်ဝန်ဆောင်မှု နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရေးစင်တာ" ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ဖုန်းနံပါတ်၊ ၀၁-၈၃၇၉၀၂၁၊ ၀၁-၈၃၇၈၃၇၁ နှင့် ၀၁-၈၃၇၀၁၉၅ သို့ ဆက်သွယ် မေးမြန်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့် အခွန်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)(၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)( ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၉) နှင့် e-Services Help Desk Center (၀၁-၈၃၇၉၀၂၁၊ ၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။




**အခွန်ထမ်းပြည်သူများ မြန်ဆန်လွယ်ကူ စိတ်ချလုံခြုံစွာဖြင့် အီလက်ထရောနစ်နည်းဖြင့် ဆောင်ရွက်နိုင်ရန် e-Services ဝန်ဆောင်မှုများ အကောင်အထည်ဖော်ထားရှိမှု**

IRD Registration Portal (အခွန်ထမ်းမှတ်ပုံတင်ရန်):
https://eregistration.ird.gov.mm/




IRD e-Filing Portal (အခွန်ကြေညာလွှာတင်သွင်းရန်):
https://efiling.ird.gov.mm/




IRD PAYE Portal (ပြည်ပလစာဝင်ငွေခွန်တွက်ချက်ရန်):
https://efiling.ird.gov.mm/

